# အနုလောမဉာဏ်

အနုလောမဉာဏ်ကို ဖြစ်ပေါ်စေနိုင်လောက်အောင် သင်္ခါရုပေက္ခာဉာဏ်အပြည့်အစုံ ရင့်ကျက်သောအခါ၌ အဓိမောက္ခသဒ္ဓါသည် အထူးအားကောင်း၏၊ ဤသဒ္ဓါ၏အစွမ်းကြောင့် မှတ်သိသောစိတ်သည် အလွန်ကြည်လင်၏၊ ထို့ပြင် မယုတ်မလွန် ညီမျှသော အားထုတ်မှု ဝီရိယ သည်လည်း မြဲမြံစွာ ဖြစ်၏၊ အမှတ်ရမှုသတိသည်လည်း ကောင်းစွာ ထင်ရှား၏။

စိတ်သည်လည်း မှတ်အပ်သောအာရုံ၌ ကောင်းစွာ စူးစိုက်တည်ကြည်၏၊ သိမှု သင်္ခါရုပေက္ခာ သည်လည်း အထူးထက်မြက် သန့်ရှင်းစွာ ဖြစ်၏၊ ထို့ကြောင့် ရှုသိမှုသည် အထူးပင် သွက်လက် ထင်ရှားလျှက် ကောင်းလာသည်၊ တိုးတက်လာသည်ဟု ထင်ရှားသိရ၏။

ထိုအခါ၌ ဖြစ်ပျက်ဆဲ ရုပ်နာမ်သင်္ခါရတရား တစ်ခုခုကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ သုံးမျိုးတို့တွင် တစ်မျိုးထည်းသာ အခြင်းအရာအားဖြင့်သာ အနည်းဆုံး န.န.မ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.(မဟာကုဉာဏသမ္ပဇော) ဘ.ဘ.ဘ
ဟူသော သဒိသာနုပဿနာဝီထိ နှစ်ကြိမ်သုံးကြိမ် ဖြစ်ပေါ်၏။

မှတ်ချက်။ ။ တိလက္ခဏာရမ္မဏိက (ဗလဝ) ဝိပဿနာယ တဒါရမ္မဏံ န လဗ္ဘတိ၊
ဝုဋ္ဌာနဂါမိနိယာ ဗလဝဝိပဿနာယ တဒါရမ္မဏံ န လဗ္ဘတိ။
(ဝိဘင်္ဂအဋ္ဌကထာ၊ ၁၄၇)

ဗလဝဝိပဿနာဇောနောင် တဒါရုံ- မဖြစ်ဟု မှတ်ရမည်။

ထိုနှစ်ကြိမ် သုံးကြိမ်တို့တွင် ပဌမအကြိမ်၌ အနိစ္စ-ဟု ရှုမြင်လျှင် ဒုတိယအကြိမ် တတိယအကြိမ်တို့၌လည်း အနိစ္စ ဟူ၍သာ ရှုမြင်လျှက် ဖြစ်၏။
သို့မဟုတ် ပဌမအကြိမ်၌ ဒုက္ခ ဟု ရှုမြင်လျှင် ဒုတိယအကြိမ်၊ တတိယအကြိမ်တို့၌လည်း ဒုက္ခ ဟူ၍သာ ရှုမြင်လျှက်ဖြစ်၏။ သို့မဟုတ် ပဌမအကြိမ်၌ အနတ္တဟု ရှုမြင်လျှင် ဒုတိယအကြိမ်၊ တတိယအကြိမ်တို့၌လည်း အနတ္တဟူ၍သာ ရှုမြင်လျှက် ဖြစ်၏။ ဤသို့ တစ်မျိုးတည်းသာ အခြင်းအရာ အားဖြင့်သာ သိမြင်လျှက် ရှုမှတ်မှု နှစ်ကြိမ် သုံးကြိမ် ဖြစ်သည်ဟု ဆိုလို၏။

# ဝုဋ္ဌာနဂါမိနီဝိပဿနာ

နောက်ဆုံးဖြစ်သော ဤသဒိသာနုပဿနာဝီထိ နှစ်ကြိမ် သုံးကြိမ်တို့၌ ပါဝင်သော သင်္ခါရုပေက္ခာသည် ခေါင်ထိပ်သို့ရောက်သောကြောင့် သိခါပတ္တသင်္ခါရုပေက္ခာလည်း မည်၏။ မဂ်နှင့်ဆက်စပ်လျက် မဂ်သို့ ရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာလည်း မည်၏။

မဂ်သည် ဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရနိမိတ်ကို အာရုံမပြု၊ ထို့ကြောင့် နိမိတ္တမှလည်း ထမြောက်၏။

ဖြစ်ထိုက်သော ဆိုင်ရာဆိုင်ရာ ကိလေသာ ကံဝိပါက်ဟူသော ပဝတ္တကိုလည်း တဖန်မဖြစ်စေဘဲ ငြိမ်းစေတတ်၏၊ ထို့ကြောင့် ပဝတ္တမှလည်း ထမြောက်၏။

ဤနိမိတ္တ ပဝတ္တ နှစ်မျိုးလုံးမှ ထမြောက်သောကြောင့် မဂ်သည် ဝုဋ္ဌာန မည်၏။

ခေါင်ထိပ် သင်္ခါရုပေက္ခာ,အနုလောမ, ဂေါတြဘု ဟူသော ဤဉာဏ်သုံးပါးသည် ဝုဋ္ဌာနမည်သော မဂ်နှင့် တစ်ဆက်တည်း တစ်စပ်တည်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ = မဂ်သို့ ဆိုက်သော ဝိပဿနာမည်၏။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌

**ယာ သိခါပတ္တာ၊ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ပဝုစ္စတိ။**

**ယဒိ ဝုဋ္ဌာနဂါမိနီဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။**

**ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ။**

**ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမ။**..... ဟု မိန့်ဆို၏။

အကြင် သင်္ခါရုပေက္ခာဉာဏ်သည် အထွဋ်အထိပ်သို့ ရောက်၏။ အနုလောမဉာဏ်နှင့်တကွဖြစ်သော ထိုသင်္ခါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူ၍လည်း ဆိုအပ်၏။

**သင်္ခါရနှင့် အနုလောမ ဉာဏ်နှစ်ဝ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။**

(ပရမတ္ထသံခိပ်၊စာပိုဒ် ၅၉)

## ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဟူသည်

ဉာဏ်တစ်မျိုး အထူးမဟုတ်၊ ဝိပဿနာဉာဏ်(၁၀)ပါးတို့တွင် အထွဋ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်ပင် ဖြစ်သည်။

သင်္ခါရုပေက္ခာဉာဏ်ကို အစပိုင်း အလယ်ပိုင်း အဆုံးပိုင်းဟု သုံးပိုင်း ပိုင်းပြီးလျှင် အနုလောမဉာဏ်နှင့် ကပ်နေသော အဆုံးပိုင်းကို အထွဋ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ် ဟု မှတ်ရမည်။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တအားဖြင့် အကယ်၍ ရှုသည်ရှိသော် မဂ်သည် **သုညတဝိမောက္ခ**မည်၏။

အနိစ္စအားဖြင့် အကယ်၍ ရှုသည်ရှိသော် **အနိမိတ္တဝိမောက္ခ**မည်၏။

ဒုက္ခအားဖြင့် အကယ်၍ ရှုသည်ရှိသော် မဂ်သည် **အပ္ပဏိဟိတဝိမောက္ခ**မည်၏။

## သဒိသာနုပဿနာဝီထိ နှစ်ကြိမ် သုံးကြိမ်ဖြစ်ခြင်း သာဓကများ

**တာဒိသာယ အာသေဝနာယ ဣစ္ဆိတဗ္ဗတ္တာ 'ယထာ မဂ္ဂဝီထိတော ပုဗ္ဗေ ဒွေ တယောဇဝနဝါရော သဒိသာနုပဿနာဝ ပဝတ္တန္တိ' ဝေက္ကမာပိ အပ္ပနာဝါရတော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ ဥပေက္ခာ သဟဂတာဝ ပဝတ္တန္တီတိ ဝဒန္တိ။**

(မဟာဋီကာ၊ ပ ၊ ၁၉၁ ။ သာရတ္ထဋီကာ၊ ပ ၊ ၃၇၁)

ထိုသို့သဘောရှိသော အဖန်ဖန်မှီဝဲစေခြင်းကို အလိုရှိအပ်သည်အဖြစ်ကြောင့် မဂ်ဝီထိမှ ရှေး၌ တူသောအခြင်းအရာအားဖြင့် ရှုသောကြောင့် သဒိသာနုပဿနာချည်းသာဖြစ်ကုန်သော နှစ်ခု သုံးခုကုန်သော ဇောအလှည့် ဝီထိဝါရတို့သည် တစပ်တည်းဖြစ်ကုန်သကဲ့သို့

ဤအတူ ဤမဟာဂ္ဂုတ် ဥပေက္ခာစျာန်အရာ၌လည်း ဥပေက္ခာသဟဂုတ် အပ္ပနာစျာန်အလှည့်ဝီထိဝါရမှ ရှေး၌ ဥပေက္ခာ သဟဂုတ်ချည်းသာ ဖြစ်ကုန်သော နှစ်ခုသုံးခုသော ဥပစာရစျာန်ဇောအလှည့်ဝီထိဝါရတို့သည် တစပ်တည်းဖြစ်ကုန်၏ဟု ဆရာတို့ ဆိုကြ၏။

သဒ္ဒိသာနုပဿနာဝီထိ နှစ်ကြိမ်သုံးကြိမ်တို့တွင် နောက်ဆုံးအကြိမ်၌ သတ္တမဇောနောင် ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်ပြီးလျှင်

**မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိ**

န.ဒ.မ.”,ပ.ဉ.န,(အနုလောမဉာဏ်).ဂေါ်”(ဥပစာရသမာဓိဇော).မဂ်.ဖိုလ်.ဖိုလ်.ဘ.ဘ.ဘ

**တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိ**

န.ဒ.မ.ဉ.န.ဂေါ.မဂ်.ဖိုလ်.ဖိုလ်.ဘ.ဘ.ဘ

**ပ= ပရိကံ**= အဆင်သင့်ဖြစ်စေရန် ကြိုတင်၍ ပြုလုပ်အပ်သောဇော။

**ဉ= ဉပစာ**= ဉပစာရ= မဂ်အပ္ပနာ၏အနီး (ရောက်လုနီး)၌ ကပ်၍ဖြစ်သောဇော။

**န= အနုလောမ**= အနုလုံ= ဥဒယဗ္ဗယဉာဏ်စသော ရှေးအဖို့ဉာဏ်များနှင့်၎င်း၊ မဂ်စိတ္တုပ္ပါဒ်၌ ပါဝင်သော နောက်အဖို့၌ ဗောဓိပက္ခိယတရားများနှင့်၎င်း၊ လျော်စွာဖြစ်သောဇောဟု ဆိုလို၏။

ပရိကံ, ဉပစာ, အနုလုံ ဇောသုံးခုကို သီးခြားမခွဲခြားဘဲ ခေါ်လိုလျှင် အာသေဝနဇောဟုလည်း ခေါ်၏။ ပရိကံဇော, ဉပစာဇော, အနုလုံဇော သုံးခု၌ ပါဝင်သော အသိဉာဏ်သည် အနုလောမဉာဏ် မည်၏။

အာဝဇ္ဇန်းနှင့်တကွ ဤဇောသုံးခုတို့သည် ယောဂီပုဂ္ဂိုလ်၏ ရှုသိမှုမှာ တစ်ကြိမ်တည်းကဲ့သို့သာ ဖြစ်လျက် ထင်ရှား၏၊ အသီး အသီး လေးကြိမ် ကွဲပြားလျက်ကား မထင်ရှား။

**မဂ်ရောက်လိုသော အခဆော်အနှုး မဂ်လေးဦးအား အထူးလျော်မှု**
**ကျေးဇူးပြု အနုလောမဉာဏ်။** (ပရမတ္ထသံခိပ်၊ စာပိုဒ်၊ ၅၄)

ဝိပဿနာဉာဏ်တို့ကို အဆင့်ဆင့်ရအောင် အားထုတ်၍ အရိယာမဂ်ကို ရခါနီးအခါ (မဂ္ဂဝီထိ စိတ်အစဉ်ဖြစ်ပေါ်လာသောအခါ) မဂ်ရတော့မည်ဟု အသိပေး နိုးဆော်သကဲ့သို့ ထိုမဂ္ဂဝီထိ၌ ပရိကံ၊ ဉပစာ၊ အနုလုံ ဉပစာရသမာဓိဝိပဿနာ ကာမာဝစရစျာန်ဇော သုံးကြိမ်ဖြစ်လာ၏။

ယင်းဇောတို့သို့ ရောက်လျှင် မဂ်စိတ်မဖြစ်ဘဲ နောက်ပြန်၍ မဆုတ်တော့၊ ထိုပရိကံ၊ ဉပစာ အနုလုံ ဉပစာရသမာဓိဇောတို့နှင့်အတူဖြစ်သော အသိဉာဏ်ပညာကို မဂ်အား အထူးသဖြင့် သင့်လျော်စွာ ကျေးဇူးပြုတတ်သောကြောင့် အနုလောမဉာဏ်ဟု ခေါ်၏။

**ဥဒယဉာဏ် တဖန်ပျိုးကာ ကိုးဖြာဉာဏ်စဉ် စခန်းထွင်၍ အမြင်လင်းဘိ ထိုးထွင်းသိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။** (ပရမတ္ထသံခိပ်၊ စာပိုဒ် ၊ ၅၈)

## ဂေါတြဘုဉာဏ်

အနုလောမဉာဏ်၏ အခြားမဲ့၌ ရှုသိဆဲ သင်္ခါရအာရုံကို စွန့်လွှတ်၍ သင်္ခါရ ချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျှက် ဂေါတြဘုဇောစိတ်ဖြစ်ပေါ်လာ၏၊ ဤဇောစိတ်နှင့် အတူဖြစ်သော သိမှုဉာဏ်သည် ဂေါတြဘုဉာဏ်မည်၏။

ဤအရာ၌ အာရုံပြုသည်ဟု ဆိုသော်လည်း ရှေးအဖို့က စိတ်များလို အာရုံ၏ အပြင်မှ နေ၍ သိခြင်းမျိုး မဟုတ်၊ သင်္ခါရအာရုံမှ လွတ်ကျ၍ သင်္ခါရ ကင်းဆိတ်မှုချုပ်ငြိမ်းသော သဘောထဲသို့ ပြေးဝင်သွားသလိုပင် သိခြင်းပေတည်း။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂ (၆၃-၄)၌

**ဉပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု၊**
**ဗဟိဒ္ဓါသင်္ခါရနိမိတ္တံ အဘိဘုယျိတွာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။** ဟု မိန့်တော်မူ၏။

ဖြစ်ခြင်းရှိသော သင်္ခါရအာရုံကို လွှမ်းမိုးလွန်မြောက်၍ ဖြစ်ခြင်းကင်းသော သဘောထဲသို့ ပြေးဝင်သွားတတ်သောကြောင့် ဂေါတြဘုမည်၏။

သူ့စိမ်းပြင်ပ တရားအနေဖြင့် ရှုမြင်အပ်သောကြောင့် ဗဟိဒ္ဓအရာ၌တည်သော သင်္ခါရအာရုံကို လွှမ်းမိုးလွန်မြောက်၍ သင်္ခါရချုပ်ခြင်းသဘောဖြစ်သော နိဗ္ဗာန်အာရုံသို့ ပြေးဝင်သွားတတ်သော ကြောင့် ဂေါတြဘုမည်၏။

## မဂ်ဉာဏ် ဖိုလ်ဉာဏ်

ဂေါတြဘုဉာဏ်၏ အခြားမဲ့၌လည်း နိဗ္ဗာန်ကိုပင် မျက်မှောက်သိမြင်အာရုံပြုလျှက် မဂ်ဇောစိတ် တစ်ကြိမ် ဖြစ်ပေါ်၏၊ ဤမဂ်စိတ်နှင့် အတူဖြစ်သော သိမှုဉာဏ်သည် မဂ်ဉာဏ်ဖြစ်၏၊ ဉာဏဒဿနဝိသုဒ္ဓိလည်းမည်၏။

**ဝုဋ္ဌာနဂါမိ လွန်ရင့်သန်က နိဗ္ဗာန်ပေါက်ကာ မဂ်ရောက်လာ ဉာဏဒဿနဝိသုဒ္ဓိ။**

(ပရမတ္ထသံခိပ်။ စာပိုဒ် ၆၀)

မဂ်၏အခြားမဲ့၌လည်း နိဗ္ဗာန်ကိုပင် အာရုံပြုလျှက် မန္ဒပညာပုဂ္ဂိုလ်မှာ ဖိုလ်စိတ်နှစ်ကြိမ် ဖြစ်ပေါ်၏။ တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင်ကား ရှေးအဖို့က အနုလုံဇော နှစ်ကြိမ်သာ ဖြစ်ခဲ့၍ မဂ်၏ အခြားမဲ့၌ ဤဖိုလ်စိတ်သည် သုံးကြိမ်ဖြစ်ပေါ်၏။

ဖလသမာပတ်ဝင်စားသောအခါ၌ကား ဤဖိုလ်ဇောစိတ်သည် အပိုင်းအခြား မရှိ အကြိမ်များစွာလည်း ဖြစ်နိုင်၏။ ဤဖိုလ်စိတ်များနှင့် အတူဖြစ်သော သိမှုဉာဏ်သည် ဖိုလ်ဉာဏ်မည်၏။

ဤမဂ်ဖိုလ်တို့၏ အာရုံပြုပုံသည်လည်း အပြင်မှနေ၍ အာရုံပြုသကဲ့သို့ မဟုတ်၊ သင်္ခါရ ကင်းဆိတ်ချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက်နေသလိုပင် သိခြင်းဖြစ်၏။ထို့ကြောင့် မဂ် ဖိုလ်တရားတို့ကို အပ္ပနာ = နိဗ္ဗာန်သို့ ရောက်သောတရား, နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေသလိုပင် ဖြစ်သောတရားဟု ခေါ်ဆို၏။

ဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်ဖြစ်ပြီးနောက်၌ ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်၏၊ ထို့နောင် ဆင်ခြင်စဉ်းစားမှု ပစ္စဝေက္ခဏာစိတ်များ ဖြစ်ပေါ်ကြ၏။

မဂ္ဂဝီထိ၌ နိဗ္ဗာန်ကိုသာ အာရုံပြုလျက်ဖြစ်ပေါ်ကြသော ဂေါတြဘု မဂ် ဖိုလ်တို့၏ ဖြစ်ရာကာလသည် တခဏလေးမျှသာ ဖြစ်၏၊

ထို့ကြောင့် ထိုစိတ်သုံးမျိုးသည် ယောဂီပုဂ္ဂိုလ်အား အပိုင်းအပိုင်း အကန့် အကန့် ပြတ်ခြားလျက်ကား မထင်ရှားတတ်၊ ဖြစ်ပေါ်ပုံအားဖြင့်သာ ထင်ရှားတတ်၏။

## ထင်ရှားပုံ

ရှုသိဆဲ သင်္ခါရအာရုံနှင့် ရှုသိမှု သင်္ခါရတရားတို့မှ လွတ်၍ သင်္ခါရချုပ်ငြိမ်းသော သဘောသို့ ရှေးဦးစွာ ကျရောက်သွားပုံလည်း ထင်ရှား၏၊ ထိုသင်္ခါရ ချုပ်ငြိမ်းသော သဘော၌ ဝင်ရောက်နေရ သကဲ့သို့ တခဏမျှ တည်နေပုံလည်း ထင်ရှား၏၊ ထိုသင်္ခါရ ချုပ်ငြိမ်းသော သဘော၌ ရောက်နေရာမှ ဆင်ခြင်မှု ပစ္စဝေက္ခဏာဖြစ်လာပုံလည်း 'အိပ်ပျော်ရာမှ နိုးလာသကဲ့သို့၄င်း ရေထဲမှ ဘွားကနဲ ပေါ်လာသကဲ့သို့၄င်း' ထင်ရှား၏။

ထို့ကြောင့် ဗဟုသုတရှိသူဖြစ်လျှင် 'သင်္ခါရ ချုပ်ငြိမ်းရာသို့ ရှေးဦးစွာ ကျရောက်သွားသော သဘောကို ဂေါတြဘူ၍၄င်း၊ သင်္ခါရအာရုံချုပ်ငြိမ်း ကင်းဆိတ်လျက် တခဏမျှ တည်တံ့သော အလယ်ပိုင်း သဘောကို မဂ်ဟူ၍၄င်း ဆင်ခြင်မှု မဖြစ်မီ သင်္ခါရအာရုံ ချုပ်ငြိမ်းနေသော နောက်ဆုံးပိုင်း သဘောကို ဖိုလ်ဟူ၍၄င်း' ပိုင်းခြားဆုံးဖြတ်နိုင်ရာ၏။

## ပစ္စဝေက္ခဏာဉာဏ်

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တိုက်ရိုက် တွေ့မြင်ပြီးသောပုဂ္ဂိုလ်သည် မိမိရပြီးသော မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ရှေးဦးစွာ ပြန်၍ ဆင်ခြင်မိ၏၊ ဗဟုသုတရှိသူဖြစ်လျှင် ပယ်ပြီး ကင်းပြီးသော ကိလေသာ မပယ်ရသေး မကင်းသေးသော ကိလေသာတို့ကိုလည်း ဆက်လက်၍ စဉ်းစားဆင်ခြင်မိတတ်၏၊ ဤဆင်ခြင်မှုတို့၌ ပါဝင်သော အသိဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ်မည်၏။

## ပစ္စဝေက္ခဏာဝီထိများ

၁။ မဂ္ဂပစ္စဝေက္ခဏာဝီထိ
၂။ ဖလပစ္စဝေက္ခဏာဝီထိ
၃။ နိဗ္ဗာနပစ္စဝေက္ခဏာဝီထိ
၄။ ပဟီနကိလေသ ပစ္စဝေက္ခဏာဝီထိ
၅။ အဝသေသ ကိလေသ ပစ္စဝေက္ခဏာဝီထိ
မှတ်ချက်။ ။ ဈာနပစ္စဝေက္ခဏာဝီထိကို ထည့်လျှင် (၆)မျိုးရှိ၏။

**ပစ္စဝေက္ခဏာဝီထိ**

န.ဒ.မ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဘ.ဘ.ဘ

မှတ်ချက်။ ။ ပစ္စဝေက္ခဏာဝီထိ အားလုံးအတွက် ဖြစ်သည်။

**ကိလေသ ပစ္စဝေက္ခဏာဝီထိ**

န.ဒ.မ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ရုံ.ရုံ.ဘ.ဘ.ဘ

## ပစ္စဝေက္ခဏာဝီထိ၌ ဇောအကြိမ်ဖြစ်ခြင်း

မြတ်ဗုဒ္ဓ၏ တန်ခိုးပြာဋိဟာကို ပြရာအခါ အရှင်မောဂ္ဂလာန်၏ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာအခါ စသည့်အလျင် အမြန် အရေးတကြီး ပြုရာအခါတို့၌ မြတ်ဗုဒ္ဓ၏ သန္တာန်မှာ လေးကြိမ်၊ သာဝကတို့၏ သန္တာန်မှာ ငါးကြိမ်၊ တနည်းပြောရရင် တိက္ခပုဂ္ဂိုလ်တို့၏ သန္တာန်မှာ လေးကြိမ်၊ မန္ဒပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ငါးကြိမ် စောကြ၏၊ ပကတိရိုးရာအခါ၌ကား (၇)ကြိမ်စောကြ၏။

**မှတ်ချက်။** ။ ပစ္စဝေက္ခဏာဉာဏ်အရ မနောဒွါရိက မဟာကုသိုလ် မဟာကြိယာ ကာမဇောတို့ကို ပုဂ္ဂိုလ်အလိုက် အရကောက်ရ၏။ ပစ္စဝေက္ခဏာဝီထိကို ကာမဇော မနောဒွါရိက ဝီထိကဲ့သို့ ချရ၏။

ထိုသို့ချရာတွင် ပယ်ပြီးကိလေသာ ကြွင်းကျန်သောကိလေသာတို့ကို ဆင်ခြင်ရာ၌သာ တဒါရုံကို ချနိုင်၏၊ ဈာန်စသည်တို့ကို ဆင်ခြင်ရာ၌ကား တဒါရုံ မချရ။

ဈာန် မဂ် ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်ရာ၌ ဉာဏသမ္ပယုတ် ပစ္စဝေက္ခဏာဇောများ ဖြစ်ကြ၏၊ ပယ်ပြီး ကိလေသာ ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်ရာ၌ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ပစ္စဝေက္ခဏာဇောများ ဖြစ်ကြ၏။

**မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။**

**ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ။**

(အဘိဓမ္မတ္ထသင်္ဂဟကျမ်း)

နိဗ္ဗာန်ကို မျက်မှောက်သိမြင်ပြီးသော ပညာရှိသည် ရှေးအဖို့က ရှုသိခဲ့သော ဝိပဿနာ မဂ်နှင့်တကွ သင်္ခါရချုပ်ငြိမ်း ကင်းဆိတ်ရာသို့ ဆိုက်ရောက်သွားသော အရိယာမဂ်တရားကိုငှင်း၊ မဂ်၏အခြားမဲ့၌ အလားတူ ဆက်၍ဖြစ်သော ဖိုလ်တရားကိုငှင်း၊ သင်္ခါရအားလုံး ဆိတ်သုဉ်း ချုပ်ငြိမ်းရာ ငြိမ်သက်စွာသော နိဗ္ဗာန်တရားကိုငှင်း ပြန်၍ဆင်ခြင်၏။

ပယ်ကုန်ပြီး ကင်းကုန်ပြီးသော ကိလေသာတို့ကိုငှင်း ကြွင်းကျန်သေးသော ကိလေသာတို့ ကိုငှင်း ဆင်ခြင်မိသည်လည်းရှိ၏၊ မဆင်ခြင်မိသည်လည်း ရှိ၏၊

မဂ်ကို ဆင်ခြင်မှု၊ ဖိုလ်ကို ဆင်ခြင်မှု၊ နိဗ္ဗာန်ကို ဆင်ခြင်မှု ဤပစ္စဝေက္ခဏာဉာဏ်သုံးမျိုးသည် ကေန်ပင် ဖြစ်ပေါ်၏။

ပယ်ပြီး ကိလေသာကို ဆင်ခြင်မှု၊ မပယ်ရသေးသော ကိလေသာကို ဆင်ခြင်မှု ဤပစ္စဝေက္ခဏာဉာဏ်နှစ်မျိုးသည်ကား ဖြစ်ပေါ်သည်လည်း ရှိ၏၊ မဖြစ်ပေါ်သည်လည်း ရှိ၏၊ ကေန်ဖြစ်မြဲ မဟုတ်၊ အနေကန်သာ ဖြစ်၏။

မည်သည့် မဂ်သည် မည်သည့် ကိလေသာတို့ကို ပယ်သတ်သည်ဟု မှတ်သားဘူးသော သူမှသာ ဖြစ်တတ်၏၊ မမှတ်သားဘူးသော သူမှာကား မဖြစ်တတ်သည်လည်း ရှိ၏။

### အချို့သော ပစ္စဝေက္ခဏာဉာဏ်များ မဖြစ်ဘဲ ရှိတတ်ခြင်း

**တဿ မယှံ ဘန္တေ ဧဝံ ဟောတိ 'ကောသု နာမ မေ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော ယေန မေ ဧကဒါ လောဘဓမ္မောပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသဓမ္မောပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟဓမ္မောပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တီ'တိ။**

**သော ဧဝ ခေါ တေ မဟာနာမ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော။**

(မ ၊ ၁ ၊ ၁၂၆) စူဠဒုက္ခက္ခန္ဓသုတ်၊ မူလပဏ္ဏာသ။

'မြတ်စွာဘုရား! လောဘ ဒေါသ မောဟ တရားတို့က စိတ်ကို လွှမ်းမိုးလျှက်ရှိသော တပည့်တော်အား ဤသို့ ယုံမှားတွေးတောခြင်း ဖြစ်ပါသည်အရှင်ဘုရား၊ မပယ်ရသေးသော ကိလေသာတရားကြောင့် တခါတရံ လောဘတရား ဒေါသတရား မောဟတရား တို့သည် ငါ၏ ကြည်လင်သောစိတ်ကို ကုန်ပျောက်စေလျက် (လွှမ်းမိုးပြီး) တည်ကြ၏၊ ငါ၏ အတွင်းသန္တာန်၌ မပယ်ရသေးသော ကိလေသာတရားသည် အဘယ်တရားလဲ?ဟု ယုံမှား တွေးတောခြင်း ဖြစ်နေပါသည်အရှင်ဘုရား'ဟူ၍

မြတ်ဗုဒ္ဓ၏ နောင်တော်ဖြစ်သော သကဒါဂါမ်ပုဂ္ဂိုလ် မဟာနာမ်မင်းကြီးက မေးမြန်း လျှောက်ထားရာ မြတ်ဗုဒ္ဓက 'မဟာနာမ်! သင်၏ အဇ္ဈတ္တသန္တာန်၌ မပယ်ရသေးသော တရားသည် ကြည်လင်သောစိတ်ကို ကုန်ပျောက် (လွှမ်းမိုး)စေသော ထိုလောဘ ဒေါသ မောဟ တရားများပင် ဖြစ်၏' ဟု မိန့်တော်မူ၏။

**အယံ ကိရ ရာဇာ 'သကဒါဂါမိမဂ္ဂေန လောဘဒေါသမောဟာ နိရဝသေသာ ပဟီယန္တီ'တိ သညီ အဟောသိ၊ အယံ 'အပ္ပဟီနံ မေ အတ္ထိ'တိ ပိ ဇာနာတိ၊ အပ္ပဟီနကံ ဉပါဒါယ ပဟီနကံ၊ ပုန ပ္ပုတော ဝါ ပဝတ္တတီတိ သညီ ဟောတိ။ အရိယသာဝကဿ ဧဝံ သန္ဒေဟော ဥပ္ပဇ္ဇတီတိ? အာမ ဥပ္ပဇ္ဇတိ၊ ကသ္မာ? ပဏ္ဏတ္တိယာ အကောဝိဒတ္တာ။**

**'အယံ ကိလေသော အသုကမဂ္ဂေ ဝဇ္ဈော'တိ ဣမိဿာ ပဏ္ဏတ္တိယာ အကောဝိဒဿ ဟိ အရိယသာဝကဿာပိ ဧဝံ ဟောတိ။ ကိံ တဿ ပစ္စဝေက္ခဏာ နတ္ထီတိ?အတ္ထိ။ သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာ ဟောတိ၊ ဧကော ဟိ ပဟီနကိလေသ မေဝ ပစ္စဝေက္ခတိ၊ ဧကော အဝိသိဋ္ဌကိလေသ မေဝ, ဧကော မဂ္ဂမေဝ, ဧကော ဖလမေဝ, ဧကော နိဗ္ဗာနမေဝ။**
**ဣမာသု ပဉ္စသု ပစ္စဝေက္ခဏာသု ဧကော ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋန္တိ။**

(စူဠဒုက္ခက္ခန္ဓသုတ် အဖွင့်၊ အဋ္ဌကထာ၊ ပ ၊ ၃၆၆)

သကဒါဂါမ်ဖြစ်သော ဤမဟာနာမ်မင်းသည် လောဘဒေါသမောဟတို့ကို သကဒါဂါမိမဂ်မှ အကြွင်းမဲ့ ပယ်အပ်ကုန်၏ဟု အမှတ်ရှိသည် ဖြစ်၏၊ ဤမင်းသည် ငါ့မှာ မပယ်ရသေးသော ကိလေသာရှိသေးသည်ဟူ၍ သိ၏၊ မပယ်ရသေးသည်ကို အကြောင်းပြု၍ ပယ်အပ်ပြီးသော ကိလေသာသည် တဖန် နောက်ကာလ၌ ပြန်၍ဖြစ်သည်ဟု ထင်မှတ်၏။

အရိယာသာဝကအား ဤသို့ ယုံမှားခြင်းသည် ဖြစ်တတ်သေးသလော ဟု မေးလျှင် ဖြစ်တတ်သေး၏၊ အဘယ့်ကြောင့်နည်းဟူမူ ဒေသနာ၌ မကျွမ်းကျင် နားမလည်သောကြောင့် ဖြစ်တတ်သေး၏။ အကျယ်ချဲ့ပြရလျှင် ဤကိလေသာကို ဤမည်သော မဂ်က ပယ်သတ်အပ်၏ ဟူသော ဤဒေသနာ၌ နားမလည်သော အရိယာသာဝကသော်လည်း ဤသို့ ယုံမှားခြင်းသည် ဖြစ်တတ်၏။

ထိုအရိယာသာဝကအား ပစ္စဝေက္ခဏာဉာဏ်သည် မရှိသလော ဟု မေးလာမူ- ရှိပေ၏။ ထိုသို့ရှိသော်လည်း ပစ္စဝေက္ခဏာဉာဏ်သည် အရိယာသာဝကအားလုံးတို့အား ပြည့်စုံကြသာ မဟုတ်။ မပြည့်စုံပုံကို ပြရလျှင် အရိယာသာဝကတစ်ဦးသည် ပယ်အပ်ပြီး ကိလေသာကို ဆင်ခြင်၏၊ (ကျန်လေးမျိုးကို မဆင်ခြင်)၊ အရိယာသာဝကတစ်ဦးသည် မဂ်ကိုသာ ဆင်ခြင်၏၊ အရိယာသာဝကတစ်ဦးသည် ဖိုလ်ကိုသာ ဆင်ခြင်၏၊ အရိယာသာဝကတစ်ဦးသည် နိဗ္ဗာန်ကိုသာ ဆင်ခြင်၏။(ကျန်လေးမျိုးကို မဆင်ခြင်)။

ဤငါးပါးသော ပစ္စဝေက္ခဏာဉာဏ်တို့တွင် တစ်ပါးဖြစ်စေ နှစ်ပါးဖြစ်စေ ရခြင်းငှါသာ ဖြစ်ကြ၏။ (ပစ္စဝေက္ခဏာဉာဏ်သည် တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ ကေန်မုချဖြစ်ရမည်ဟု ဆိုလို၏)

မှတ်ချက်။ ။ အခြားသော အဖွင့်အဋ္ဌကထာကျမ်းတို့၌ မဂ်,ဖိုလ်,နိဗ္ဗာန်တို့ကို ကေန် ဆင်ခြင်၏၊ ပယ်ပြီးကိလေသာ, မပယ်သေးသောကိလေသာတို့ကိုကား အနေကန်သာ ဆင်ခြင်၏ ဟူ၍ တညီတည်းသာ မိန့်ကြ၏၊ ဤစူဠဒုက္ခက္ခန္ဓသုတ်အဖွင့် မူလပဏ္ဏာသအဋ္ဌကထာ၌ကား ပစ္စဝေက္ခဏာဉာဏ်တစ်ပါးတည်းသာ ဖြစ်ခြင်းကိုလည်း ပြဆို၏၊ ထို့ကြောင့် အခြားသော အဖွင့် အဋ္ဌကထာကျမ်းတို့မှ ထူးခြားနေ၏။

သို့သော်လည်း ပစ္စဝေက္ခဏာဉာဏ်တစ်ပါးတည်းသာ ဖြစ်သော အရိယာရှိသည် မရှိသည်ကို ဆုံးဖြတ်ခြင်းသည် သာမန်ပုဂ္ဂိုလ်၏အရာ မဟုတ်၊ တစ်သာသနာတော်လုံးမှာ ရှိသော အရိယာပုဂ္ဂိုလ်မှန်သမျှတို့၏ စိတ်ဖြစ်ပုံကို အကုန်အစင် သိမြင်နိုင်သော ပုဂ္ဂိုလ်တို့၏ အရာသာ ဖြစ်၏၊ သို့ဖြစ်၍ ဤမူလပဏ္ဏာသအဋ္ဌကထာစကားကိုလည်း ရှိသေစွာ မှတ်သားအပ်၏။

## ပယ်အပ်သော ကိလေသာ နှင့် မဂ်များ

သံယောဇဉ်(၁၀)ပါးတို့တွင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ အပါယ်သို့ ရောက်စေနိုင်သော ကာမရာဂနှင့် ပဋိဃ ဤသံယောဇဉ် (၅)ပါးတို့ကို ပဌမမဂ် (သောတာပတ္တိ မဂ်) သည် ပယ်၏။

အပါယ်သို့ မရောက်စေနိုင်သော ကာမရာဂနှင့် ပဋိဃတို့တွင် ရုန့်ရင်းကြမ်းတန်းသော ကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ် (သကဒါဂါမိမဂ်)သည် ပယ်၏။

သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃတို့ကို တတိယမဂ် (အနာဂါမိမဂ်) သည် ပယ်၏။

ရူပရာဂ,အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဤသံယောဇဉ်ငါးပါးတို့ကို စတုတ္ထမဂ် (အရဟတ္တမဂ်)သည်သာ ပယ်၏။ (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၃၂၅)

ကိလေသာ (၁၀)ပါးတို့တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်သည် ပယ်၏။

ဒေါသကို အနာဂါမိမဂ်သည် ပယ်၏၊ လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့ကို အရဟတ္တမဂ်သည် ပယ်၏။

## မိစ္ဆာဒိဋ္ဌိ (၁၀)မျိုး

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဉာဏ်, မိစ္ဆာဝိမုတ္တိ= မိစ္ဆတ္တတရား(၁၀)မျိုးတို့တွင် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါစာထဲမှ မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာဇီဝတို့ကို ပဌမမဂ်ဉာဏ်သည် ပယ်၏။

မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာထဲမှ ပိသုဏဝါစာ, ဖရုသဝါစာတို့ကို တတိယမဂ်ဉာဏ်သည် ပယ်၏။

မှတ်ချက်။ ။ မိစ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာ - ဟုဆိုရာ၌ အကျိုးမဲ့ဖြစ်အောင် ပြောလိုသော စေတနာကိုသာ စကားဟူ၍ မှတ်ရမည်။ ပြောဆိုသော စကားသံသည်ပင် မုချအားဖြင့် ဝါစာ မည်သော်လည်း ထိုစကားသံ ရုပ်ဝါစာသည်ကား မဂ်သည် ပယ်အပ်သော တရားမဟုတ်၊ ထိုစကားသံကို ဖြစ်စေသော အကုသိုလ်စေတနာသည်သာ ပယ်အပ်သော တရားဖြစ်၏၊ သို့ဖြစ်၍ ဤအရာ၌ အကုသိုလ်စေတနာကိုသာ မိစ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာ ဟု ဆိုလို၏။

ဤစေတနာကိုသာ မဂ်သည် ပယ်သတ်၏၊ သက်သက်သော စကားသံကိုကား မိစ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာ ဟုမဆိုလို၊ ယင်းစကားသံ သက်သက်ကို မဂ်သည် ပယ်သတ်သည် မဟုတ်ဟု ဆိုလို၏။ သို့သော်လည်း စေတနာမရှိလျှင် ထိုစေတနာနှင့် ဆိုင်သော ပြောဆိုမှုလည်း ကင်းငြိမ်းတတ်၏၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကဲ့သို့ အချို့ပုဂ္ဂိုလ်အနည်းငယ်သာ အကုသိုလ်စိတ်စေတနာမပါဘဲ ဝါသနာအလျောက် ပြောဆိုမှု ဖြစ်တတ်၏။

မိစ္ဆာဝါစာထဲမှ သမ္ဖပ္ပလာပ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ မိစ္ဆာဝိမုတ္တိ မိစ္ဆာဉာဏ်တို့ကို စတုတ္ထမဂ်ဉာဏ်သည် ပယ်သတ်၏။

## လောကဓံ(၈)ပါး

လောကဓံ(၈)ပါးတို့တွင် လာဘ်မရခြင်း အခြွေအရံနည်းပါးပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ အကဲ့ရဲ့ခံရခြင်းတို့ကြောင့် ဖြစ်တတ်သောဒေါသကို အနာဂါမိမဂ်သည် ပယ်၏၊ လာဘ်ရခြင်း အခြွေအရံများခြင်း ကိုယ်စိတ်ချမ်းသာခြင်း ချီးမွမ်းခံရခြင်းတို့ကြောင့် ဖြစ်တတ်သော သာယာမှုလောဘကို အရဟတ္တမဂ်သည် ပယ်၏။

## မစ္ဆရိယ (၅)မျိုး

မစ္ဆရိယ (၅)မျိုးကို သောတာပတ္တိမဂ်သည် ပယ်၏။

မိမိနေထိုင်ရာအရပ်၌ အခြားပုဂ္ဂိုလ် လာရောက်နေထိုင်မည်ကို သည်းမခံနိုင်ခြင်း၊ မလိုလားခြင်း လာရောက်နေထိုင်နေသောပုဂ္ဂိုလ်ကိုလည်း အခြားသို့ သွားစေလိုခြင်းများသည် အာဝါသမစ္ဆရိယ ဖြစ်၏၊ သို့သော် ငြင်းခုံ ရန်ဖြစ်တတ်သူ အစရှိသော ဆိုးသွမ်းသူ၏ လာရောက်နေထိုင်ခြင်းကို မလိုလားခြင်းသည်ကား မစ္ဆရိယ မဟုတ်။

ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်များထံသို့ အခြားပုဂ္ဂိုလ် ဝင်ရောက်လာသည်ကို သည်းမခံနိုင်ခြင်း မလိုလားခြင်းသည် ကုလမစ္ဆရိယဖြစ်၏၊ သို့သော် ယုတ်မာဆိုးသွမ်းပုဂ္ဂိုလ်၏ ဝင်ရောက်ခြင်းကို မလိုလားခြင်းသည်ကား မစ္ဆရိယ မဟုတ်။

ပစ္စည်းများကို မိမိသာရလို၍ သူတပါးအား မရစေလိုခြင်းသည် လာဘမစ္ဆရိယ ဖြစ်၏၊ သို့သော် ပစ္စည်းတို့ကို အကျိုးမဲ့ ပျက်စီးစေသော ပုဂ္ဂိုလ်အားငှင်း၊ ပစ္စည်းပေါ်များ ပြည့်စုံလျှင် သူတပါးကို လွှမ်းမိုး နှိပ်စက်ခြင်း စသည်ဖြင့် မသင့် မတော် ပြုမည့်ပုဂ္ဂိုလ်အားငှင်း မရစေလိုခြင်းသည်ကား မစ္ဆရိယ မဟုတ်။

မိမိမှာ အသင့်ရှိပြီးသော ပစ္စည်းကို ပေးလှူသင့်သော သီလဝန္တပုဂ္ဂိုလ်တို့အား မပေးလှူနိုင်ခြင်းသည်လည်း လာဘမစ္ဆရိယ ဖြစ်၏၊ သို့သော် အလွန် နှစ်သက်မြတ်နိုး အပ်သော ဝတ္ထုကို မပေးလှူနိုင်ခြင်းမှာ မစ္ဆရိယကြောင့် မဟုတ်ဘဲ လောဘကြောင့် ဖြစ်နိုင်သေး၏။

## မစ္ဆရိယလက္ခဏာ နှင့် လောဘလက္ခဏာ၏ ထူးခြားမှု

မိမိပစ္စည်းကို သူတစ်ပါး ပိုင်ဆိုင်သုံးစွဲမည့်အရာ၌ သည်းမခံနိုင်ခြင်းသည် မစ္ဆရိယလက္ခဏာဖြစ်၏။

မိမိပစ္စည်းကို မစွန့်လွှတ်နိုင်အောင် ခင်မင်တွယ်တာခြင်းသည် လောဘ၏လက္ခဏာ ဖြစ်၏၊

မလွဲမရှောင်သာအောင် တကယ်အသုံးကျနေသော ဝတ္ထုဖြစ်၍ မစွန့်နိုင်ခြင်းမှာ ဆင်ခြင်ဉာဏ်ကြောင့်လည်း ဖြစ်နိုင်သေး၏။

သူတစ်ပါး၏ ရုပ်အဆင်းလုပခြင်း အကျင့်ကောင်းခြင်းစသောဂုဏ်များကို မပြောစေလိုခြင်း မကြားမနာလိုခြင်းသည်၄င်း မိမိမှာရှိသော ဂုဏ်များကို သူတစ်ပါးအား မရှိစေလိုခြင်းသည်၄င်း ဝဏ္ဏမစ္ဆရိယ ဖြစ်၏၊သို့သော် မဟုတ်မမှန်သော ဂုဏ်ဖြင့် ချီးမွမ်းစကားကို မပြောစေလိုခြင်း မကြားမနာလိုခြင်းသည်ကား မစ္ဆရိယ မဟုတ်။

မိမိတတ်သိသော တရားကျမ်းဂန်ကို သူတစ်ပါးအား မတတ် မသိစေလိုခြင်းသည် ဓမ္မမစ္ဆရိယ ဖြစ်၏၊ သို့သော် စိတ်သဘောထား မဖြောင့်မတ် မရိုးသားသူအား မတတ် မသိ စေလိုခြင်းသည်ကား မစ္ဆရိယ မဟုတ်။

## ဝိပ္ပလ္လာသ (၁၂) ပါး

ဝိပ္ပလ္လာသ(၁၂) ပါးတို့တွင်

မမြဲသော ရုပ်နာမ်တရား၌ မြဲသည်ဟု အမှတ်မှား အသိမှား အယူမှား (၃)ပါး၊

ငါ ကောင် မဟုတ်သော ရုပ်နာမ်တရား၌ ငါကောင်ဟု အမှတ်မှား အသိမှား အယူမှား (၃)ပါး၊

ဆင်းရဲသော ရုပ်နာမ်တရား၌ ချမ်းသာဟု အယူမှားမှု (၁)ပါး၊

မနှစ်သက်ဖွယ်သော ရုပ်တရား၌ နှစ်သက်ဖွယ်ဟု အယူမှားမှု (၁)ပါး၊

ဤ ဝိပ္ပလ္လာသ (၈)ပါးကို ပဌမမဂ်က ပယ်၏။

မနှစ်သက်ဖွယ်သော ရုပ်တရား၌ နှစ်သက်ဖွယ်ဟု အမှတ်မှား အသိမှား (၂)ပါးကို တတိယမဂ်က ပယ်၏။

ဆင်းရဲသော ရုပ်နာမ်တရား၌ ချမ်းသာဟု အမှတ်မှား အသိမှား (၂)ပါးကို စတုတ္ထမဂ်က ပယ်၏။

**မှတ်ချက်။** ။ သောတာပန် သကဒါဂါမ်တို့မှာ မိမိခန္ဓာကိုယ် သူတစ်ပါး၏ ခန္ဓာကိုယ်တို့၌ နှစ်သက်ဖွယ်ဖြစ်သည်၊ ချမ်းသာကောင်းစားသည်ဟု ထင်မှတ်မှားမှု သညာဝိပ္ပလ္လာသ၊ အသိမှားမှု စိတ္တဝိပ္ပလ္လာသတို့ မကင်းကြသေး၊ ထို့ကြောင့် ကာမဂုဏ်အာရုံကို ဝတ္ထုများနှင့် ခံစားမွေ့လျော် ပျော်ရွှင်နိုင်ကြ၏၊ သို့သော်လည်း တကယ်ပင် နှစ်သက်ဖွယ်ဖြစ်သည်၊ ချမ်းသာကောင်းစားသည် ဟူ၍ မြဲမြံစွာ ယူဆမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ တရားသည်ကား မရှိ၊ ထို့ကြောင့် စဉ်းစား ဆင်ခြင်ကြည့်သောအခါ၌ နှစ်သက်ဖွယ် ချမ်းသာဖွယ် ကောင်းသောအရာကို မတွေ့မြင်ဘဲ ရှိ၏။

အနာဂါမ်မှာလည်း နှစ်သက်ဖွယ် ချမ်းသာဖွယ် ထင်မှားမှု သညာဝိပ္ပလ္လာသ၊ သိမှားမှု စိတ္တဝိပ္ပလ္လာသတို့ မကင်းကြသေး၊ ထို့ကြောင့် မိမိ၏ ခန္ဓာကိုယ်၌ ခင်မင်တွယ်တာလျက် ရူပဘဝ အရူပဘဝတို့၌ ပျော်မွေ့နိုင်ကြ၏။

## အဂတိ (၄)ပါး

တရားစီရင် ဆုံးဖြတ်ခြင်း ပစ္စည်းများကို ဝေဖန်ခြင်း ချီးမွမ်း ကဲ့ရဲ့ခြင်း ဆုံးမခြင်း ချီးမြှောက်ခြင်းစသည်တို့ကို ပြုလုပ်သောအခါ၌ ချစ်ခင်သူဘက်သို့ လိုက်၍ မတရားပြုခြင်းသည် ဆန္ဒာဂတိ ဖြစ်၏။

မုန်းသူဘက်ကို နှိမ်၍ မတရားပြုခြင်းသည် ဒေါသာဂတိ ဖြစ်၏။

မသိနားမလည်သဖြင့် မှားယွင်း၍ မတရားပြုခြင်းသည် မောဟာဂတိ ဖြစ်၏။

ကြောက်သူဘက်သို့ လိုက်၍ မတရားပြုခြင်းသည် ဘယာဂတိ ဖြစ်၏။

ဤအဂတိ (၄)ပါးကို သောတာပတ္တိမဂ်သည် ပယ်၏။

## အာသဝေါတရား (၄)ပါး

ဒိဋ္ဌာသဝကို ပဌမမဂ်သည် ပယ်၏။

ကာမာသဝကို တတိယမဂ်သည် ပယ်၏။

ဘဝါသဝ အဝိဇ္ဇာသဝကို စတုတ္ထမဂ်သည် ပယ်၏။

## နီဝရဏ (၅)ပါး

ဝိစိကိစ္ဆာကို ပဌမမဂ်သည် ပယ်၏။

သုတ္တန်နည်းအရ ဥက္ကဋ္ဌ ကာမစ္ဆန္ဒနှင့် ဗျာပါဒ ကုက္ကုစ္စတို့ကို တတိယမဂ်သည် ပယ်၏။

ထိန မိဒ္ဓ ဥဒ္ဓစ္စတို့ကို စတုတ္ထမဂ်သည် ပယ်၏။

အဘိဓမ္မာနည်းအရ ရူပရာဂ အရူပရာဂတို့ကိုလည်း ကာမစ္ဆန္ဒ ဟု ဟောတော်မူ၏၊ ထိုကာမစ္ဆန္ဒကိုကား စတုတ္ထမဂ်သည် အကြွင်းမဲ့ ပယ်၏။

## ဥပါဒါန် (၄)မျိုး

လောကီတရားမှန်သမျှ၌ တပ်မက်သာယာသော လောဘသည် ကာမုပါဒါန်ဖြစ်၏၊ ထိုကာမုပါဒါန်ကို အရဟတ္တမဂ်သည် ပယ်၏။

နွား ခွေး စသည်တို့ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက် စင်ကြယ်၍ အစဉ်ချမ်းသာသည်ဟု ယူဆသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန်ဖြစ်၏။

အရိယမဂ္ဂင် (၈)ပါးနှင့်ကင်း၍ လောကီသီလ အကျင့်မျှဖြင့် သံသရာမှ လွတ်မြောက် စင်ကြယ်သည်ဟု ယူဆခြင်းသည်လည်း ဤသီလဗ္ဗတုပါဒါန်ပင် ဖြစ်၏။

သက္ကာယဒိဋ္ဌိ (၂၀)ဟူသော အတ္တဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် ဖြစ်၏။

ကျန်မိစ္ဆာဒိဋ္ဌိ မှန်သမျှသည် ဒိဋ္ဌုပါဒါန် ဖြစ်၏။

ဤဒိဋ္ဌိဥပါဒါန် (၃)မျိုးကို သောတာပတ္တိမဂ်သည် ပယ်၏။

## အနုသယ (၇)ပါး

ဒိဋ္ဌိအနုသယ ဝိစိကိစ္ဆာ အနုသယတို့ကို ပဌမမဂ်သည် ပယ်၏။

ကာမရာဂ အနုသယ ပဋိဃ အနုသယတို့ကို တတိယမဂ်သည် ပယ်၏။

မာန အနုသယ ဘဝရာဂ အနုသယ အဝိဇ္ဇာ အနုသယတို့ကို စတုတ္ထမဂ်သည် ပယ်၏။ ဤအနုသယတို့ ငြိမ်းသည် မငြိမ်းသည်ကိုကား ပရိယုဋ္ဌာန် မဖြစ်ပေါ်ခြင်း ဖြစ်ပေါ်ခြင်းတို့ဖြင့် သိအပ်၏။

## အကုသလကမ္မပထ (၁၀)ပါး

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ မိစ္ဆာဒိဋ္ဌိ ဤ (၅)ပါးတို့ကို ပဌမမဂ်ဉာဏ်သည် ပယ်၏။

ပိသုဏဝါစာ၊ ဖရုသဝါစာ၊ ဗျာပါဒ (၃)ပါးတို့ကို တတိယမဂ်ဉာဏ်သည် ပယ်၏။

သမ္ဖပ္ပလာပ၊ အဘိဇ္ဈာတို့ကို စတုတ္ထမဂ်သည် ပယ်၏။

(ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၃၂၃-၆)

## ပဟာတဗ္ဗ ဥပက္ကိလေသတရား (၁၆)ပါး

မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ ဤဥပက္ကိလေသ (၆)ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်၏။

ဗျာပါဒ, ကောဓ, ဥပနာဟ, ပမာဒ ဤဥပက္ကိလေသ (၄)ပါးတို့ကို အနာဂါမိမဂ်သည် ပယ်၏။

အဘိဇ္ဈာဝိသမလောဘ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ ဤဥပက္ကိလေသ (၆)ပါးတို့ကို အရဟတ္တမဂ်သည် ပယ်၏။

ဝတ္ထသုတ် (မ၊ ၁ ၊၄၃) (မ၊ ဋ္ဌ၊ ၁၊ ၁၇၅)